**အစိတ်အပိုင်းမမှန်မကန် Body Coach (ဖောက်စွပ်/ဖြတ်ဆက်)ပြောင်းထား၍**
**ယာဉ်မှတ်ပုံတင်ဖျက်သိမ်းခံထားရသော ပိုင်ရှင်များသို့ အသိပေးကြေညာခြင်း**

၁။ ၂၀၁၅ခုနှစ်၊ မော်တော်ယာဉ်ဥပဒေပုဒ်မ-၁၈(င)အရ အစိတ်အပိုင်းမမှန်မကန် ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်)မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်းပြီး ရဲစခန်းများသို့ အပ်နှံစေခဲ့ပါသည်။ မှတ်ပုံတင်မဲ့ယာဉ်တစ်စီး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို အသုံးပြု၍ ဖောက်စွပ်/ဖြတ်ဆက် ပြုလုပ်ထားခြင်းကြောင့် ဥပဒေနှင့်အညီ မလွှဲမရှောင်သာ တားဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။

၂။ ထိုသို့မလွှဲမရှောင်သာ မှတ်ပုံတင်ဖျက်သိမ်းဆောင်ရွက်ခဲ့ရသော်လည်း ယာဉ်ပိုင်ရှင်ပြည်သူများ၏ ဆုံးရှုံးနစ်နာမှုများအတွက် အထိုက်အလျောက် သက်သာခွင့်ရရှိစေရေး၊ ယာဉ်သိမ်းဆည်းခံရသော ပြည်သူအများစုက အစားထိုးယာဉ်တင်သွင်းခွင့် ပုံစံ “ဃ” (စလစ်) ရယူလိုသည့်ဆန္ဒကိုဖြည့်ဆည်းနိုင်ရေး၊ အစိတ်အပိုင်းမမှန်မကန် ပြောင်းလဲထားသော Body Coach (ဖောက်စွပ်/ဖြတ်ဆက်) ယာဉ်များအားလုံး အပြီးတိုင်ဖျက်သိမ်းနိုင်ရေးတို့ကို ရည်ရွယ်လျက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် (၁-၁၀-၂၀၁၉)ရက်နေ့မှစ၍ အောက်ပါအတိုင်း ဖြေလျှော့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(က) အစိတ်အပိုင်းမမှန်မကန် Body Cocah ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ ရဲစခန်းများတွင် ထိန်းသိမ်းထားသောယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ထိန်းသိမ်းထားသော ယာဉ်များကို သံရည်ကျိုအပ်နှံစေ၍ ယာဉ်အို/ယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့်ပုံစံ“ဃ” (စလစ်) ထုတ်ပေးသွားပါမည်။

(ခ) အစိတ်အပိုင်းမမှန်မကန် Body Coach ပြောင်းလဲထားကြောင်း စစ်ဆေးတွေ့ရှိရ၍ မှတ်ပုံတင်ဖျက်သိမ်းမိန့် ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ယာဉ်ပိုင်ရှင်များကလာရောက်အပ်နှံခြင်းမရှိသေးသည့်ယာဉ်များကိုလည်းသံရည်ကျိုအပ်နှံစေ၍ ယာဉ်အို/ယာဉ်ဟောင်းအပ်အစားထိုး ယာဉ်တင်သွင်းခွင့် ပုံစံ “ဃ” (စလစ်) ထုတ်ပေးသွားပါမည်။

(ဂ) ယာဉ်ပိုင်ရှင်များသည် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများနှင့် ဆက်သွယ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃။ နောင်တွင် အစိတ်အပိုင်းမမှန်မကန်ပြောင်းလဲထားသော Body Cocah ဖောက်စွပ်/ဖြတ်ဆက်ယာဉ်များကို စစ်ဆေးတွေ့ရှိပါက ချက်ချင်းသံရည်ကျိုအပ်နှံစေ၍ ယာဉ်အို/ယာဉ်ဟောင်းအပ် အစားထိုးယာဉ်တင်သွင်းခွင့် ပုံစံ “ဃ” (စလစ်) ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန